## အမှာစကား

ပလတ်စတစ်များသည် သဘာဝဖြစ်ပစ္စည်း မဟုတ်ပဲ လူတို့ပြုလုပ်ယူသော ပစ္စည်းများ ဖြစ်၏။ ၎င်းတို့တွင် အခြားသဘာဝပစ္စည်းများနှင့်မတူသော ဂုဏ်သတ္တိများရှိကြ၏။ မော်လီကျူးများကို အမျိုးမျိုး ပြောင်းလဲပေါင်းစပ်စေခြင်းဖြင့် ဂုဏ်သတ္တိ ကွဲပြားခြားနားသော ပေါ်လီမာ ပလတ်စတစ် အမျိုးမျိုးကို ထုတ်လုပ်နိုင်၏။

ပလတ်စတစ်သည် နယ်ပယ်အမျိုးမျိုး၌ အရေးပါသော ပစ္စည်းဖြစ်၏။ စိုက်ပျိုးရေး၊ ဆက်သွယ်ရေး၊ ပို့ဆောင်ရေး၊ ဆောက်လုပ်ရေး၊ အီလက်ထရွန်နစ်ပစ္စည်းများ၊ အဝတ်အထည်များ၊ ပရိဘောဂများ၊ ထုပ်ပိုးပစ္စည်းများနှင့် အခြား(မှရေမတွက်နိုင်သော လုပ်ငန်းနေရာ) အမျိုးမျိုးတွင် ပလတ်စတစ်သည် အသုံးဝင်လျက်ရှိ၏။ ပလတ်စတစ်၏ အသုံးဝင်မှုသည် ရပ်တန့်မနေပဲ ရှေ့သို့ဆက်လက်တိုးတက်လျက်ရှိသဖြင့် နောင်တွင် ပလတ်စတစ်ကို မည်သို့မည်ပုံ အသုံးချကြဦးမည် ဆိုသည်ကိုပင် မှန်းဆရ ခက်၏။

ဤစာအုပ်တွင် ပလတ်စတစ် စက်မှုလုပ်ငန်းနှင့် ပတ်သက်သော နယ်ပယ်အမျိုးမျိုးကို ဖြန့်ပြီး ဖော်ပြထား၏။ ပလတ်စတစ်တို့ နှင့် သက်ဆိုင်သော အခြေခံ ဓာတုဗေဒနှင့် အဓိကရယ်ဆင်တို့၏ ဂုဏ်သတ္တိများကို ရှေးဦးစွာ ဖော်ပြ ထားသည်။ ထို့နောက် ပလတ်စတစ်များကို နည်းအမျိုးမျိုးဖြင့် ပုံသွန်းခြင်း၊ ပုံဖော်ခြင်း၊ ပုံလောင်းခြင်း စသည်များကို ဆက်လက်တင်ပြထားသည်။ ထို့ပြင် ပလတ်စတစ် ပစ္စည်းများကို အချောကိုင်ခြင်း၊ အလှအပ ခြယ်သခြင်းများကိုပါ ထည့်သွင်းထားပေသည်။

ဤစာအုပ် ပြုစုရာ၌ လမ်းညွှန်မှုပေးသော ရန်ကုန်စက်မှုတက္ကသိုလ် ပါမောက္ခချုပ် ဆရာ ဦးခင်အောင်ကြည်အား လည်းကောင်း၊ အကြံဉာဏ်များ ပေးသော ရန်ကုန် စက်မှုတက္ကသိုလ် ဓာတုအင်ဂျင်နီယာဌာနမှ ဌာနမှူး ဒေါက်တာ မောင်မောင်ဝင်းအား လည်းကောင်း၊ ကူညီမှုပေးသော ထားဝယ်ဒေသကောလိပ်မှ စားသောက်ကုန်လုပ်ငန်း အတတ်ပညာဌာနမှူး ဦးဝင်းညွန့်အားလည်းကောင်း ကျေးဇူး အထူးတင်ရှိကြောင်း ဖော်ပြအပ်ပါသည်။

## မာတိကာ


| အခန်း | | စာမျက်နှာ |
|---|---|---|
| ၁ | နိဒါန်း | ၁ |
| ၂ | ပေါ်လီမာတို့၏ အခြေခံ ဓာတုဗေဒ | ၇ |
| ၃ | ပလတ်စတစ် လုပ်ငန်း၏ အဓိက ရယ်ဆင်များ | ၂၁ |
| ၄ | ရယ်ဆင်များကို ဓာတ်ခွဲခန်းတွင် စမ်းသပ်ခြင်း | ၆၆ |
| ၅ | ထိုးသွင်းပုံသွန်းခြင်း | ၇၅ |
| ၆ | ညှစ်ထုတ်ခြင်း | ၉၁ |
| ၇ | လေမှုတ်ပုံသွန်းခြင်း | ၉၆ |
| ၈ | ပုံဖိသွန်းခြင်းနှင့်ပုံကူးသွန်းခြင်း | ၁၀၀ |
| ၉ | တလိမ့်ဖိခြင်း | ၁၀၃ |
| ၁၀ | အမှုန့်ပုံသွန်းခြင်းနှင့် အမှုန့်အုပ်ခြင်း | ၁၀၆ |
| ၁၁ | အပြားများကို အပူသုံး ပုံဖော်ခြင်း | ၁၁၄ |
| ၁၂ | ပလတ်စတစ်များကို ပုံသွန်းလောင်းခြင်း | ၁၂၃ |
| ၁၃ | ပလတ်စတစ်ဆော ပုံသွန်းခြင်း | ၁၂၆ |
| ၁၄ | ပလတ်စတစ် လွှာထပ်များ | ၁၃၈ |
| ၁၅ | အားဖြည့်ပုံသွန်းခြင်း | ၁၃၄ |
| ၁၆ | ပလတ်စတစ်အမြှုပ် ပုံသွန်းခြင်း | ၁၄၀ |
| ၁၇ | ပလတ်စတစ်ပစ္စည်းများ တပ်ဆင်ခြင်း | ၁၅၀ |
| ၁၈ | ပလတ်စတစ်များကို အချောကိုင်ခြင်းနှင့်အလှအပ ခြယ်သခြင်း | ၁၆၉ |